# တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး

# တတိယနေ့အစီအစဉ်

# ( ၅ – ၆ –၂၀၂၆ ) ( သောကြာနေ့) နေ့လယ် ၁၃:၀၀ နာရီ

၁။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး တတိယနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်း၊

၅။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း၊

၆။ ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင် များက ဖြေကြားခြင်း–

(က) ဦးတင်အောင်ချစ်၊ အောင်လံမဲဆန္ဒနယ်၏ **မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့နယ်နှင့် ဆင်ပေါင်ဝဲမြို့နယ်များ ပါဝင်သည့် အောင်လံခရိုင်ကို ၂၀၂၂ ခုနှစ်၊ ဧပြီလ ၃၀ ရက်နေ့တွင် သရက်ခရိုင်မှခွဲထုတ်ပြီး အောင်လံခရိုင်အဖြစ် ဖွဲ့စည်းခဲ့ပါသည်။ သို့သော် ခရိုင်ဖွဲ့စည်းခြင်း လေးနှစ်ကြာ ကာလအတွင်း သက်ဆိုင်ရာ ခရိုင်ရုံးတစ်ချို့ လိုအပ်နေသေးကြောင်း ပြည်သူများထံမှ သိရှိရသည့်အတွက် မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်ဟု သတ်မှတ်ထားမှုနှင့်အညီ ခရိုင်အဆင့်ရုံးများ ဖြစ်သည့် (ကညန)ရုံး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဌာနရုံးနှင့် မြန်မာ့အာမခံလုပ်ငန်းရုံးတို့ကို ဖွင့်လှစ်ပေး နိုင်ပါရန်နှင့် ဖွင့်လှစ်ပေးမည်ဆိုပါက မည်သည့်အချိန်တွင် လုပ်ဆောင် ဖွင့်လှစ်ပေးမည်ကို သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ခ) ဦးကျော်သန်း၊ မာန်အောင်မဲဆန္ဒနယ်၏ **မာန်အောင်မြို့နယ်၊ စမုံတဲလေယာဉ်ကွင်းအား တိုးချဲ့ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိနှင့် တိုးချဲ့ဆောက်လုပ်ပေးမည်ဆိုပါက မည်သည့်ဘဏ္ဍာနှစ်တွင် တည်ဆောက်ပေးမည်ကို သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ဂ) ဦးစိုင်းဝန်းဆမ်၊ မိုင်းခတ်မဲဆန္ဒနယ်၏ **မိုင်းခတ်မြို့နယ်၊ မိုင်းနွန်း ကျေးရွာအုပ်စု၊ တပ်မိုင်ကျေးရွာရှိ နမ့်နွန်းချောင်းဘေးတွင် အရှည် (၅၀၀) ပေခန့် ကျောက်စီ ရေတားနံရံ တည်ဆောက် ပေးရန် အစီအစဉ်ရှိ၊ မရှိနှင့် ရှိလျှင် မည်သည့်အချိန်တွင် တည်ဆောက်ပေးမည်ကို သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ဃ) စိုင်းထွန်းလင်း၊ မိုးနဲမဲဆန္ဒနယ်၏ **မိုးနဲမြို့နယ်၊ ဖိုင်လုံဆည်မှ ကျူတောဆည်အထိ (၅.၁) မိုင် အတွင်းရှိ နုန်းမြေနှင့် ချုံနွယ်များကို တူးဖော်ရှင်းလင်းရန် ရှိ၊ မရှိ၊ ကျိုးပေါက်နေသည့် နမ့်တွန်ချောင်းတာပေါင် (၄) နေရာကို ခိုင်ခံ့အောင် ပြန်တည်ဆောက်ပြီး အရံပေါင်များကို အဆင့်မြှင့်တင်ရန် ရှိ၊ မရှိ၊ နမ့်တွန်ချောင်းနှင့် နမ့်မယ်မန်းဆုံရာမှ (နားခံ-ဟဲကော) လမ်းအထိ (၁.၄၃) မိုင်အား တာပေါင်မြှင့်တင်ခြင်းနှင့် နုန်းမြေဖယ်ရှားခြင်း စသည့် လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ပေး နိုင်ခြင်းရှိ၊ မရှိ၊ အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် ရှိပါက မည်သည့်အချိန်တွင် လုပ်ငန်းစတင်မည်ကို သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(င) ဦးသိန်းရီ၊ ထန်းတပင်မဲဆန္ဒနယ်၏ **ထန်းတပင်မြို့နယ်၊ ချောင်းဟောင်းထိန်နှစ်ပင်မှ စာဖြူစုကျေးရွာအလွန် (ရိုးရှည်) အထိ အရှည် (၃) မိုင်အား ချောင်းဟောင်းတူးဖော်ရန်လိုအပ်လျက်ရှိပါသောကြောင့် ချောင်းဟောင်း ပေအရှည်(၃)မိုင်အား ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိနှင့် မည်သည့်အချိန်၊ မည်သည့်ကာလတွင် ဆောင်ရွက်နိုင်ခြင်းရှိ၊ မရှိတို့အား သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(စ) ဦးခင်မောင်ဌေး၊ ပျဉ်းမနားမဲဆန္ဒနယ်၏ **ပျဉ်းမနားမြို့နယ်၊ ကူးတို့ဆိပ်အုပ်စုအတွင်းရှိ ကိုယ့်အားကိုယ်ကိုးဆည်များဖြစ်ကြသည့် နမ်းတောဆည်၊ ကြခတ်ဆည်၊ ဇီးရိုင်းဆည်နှင့် ကျောက်ဆည်ဆည်များအား တောင်သူများ စိုက်ပျိုး "ရေ" လုံလောက်စွာ ရရှိသုံးစွဲနိုင်ရေး ပြန်လည်တူးဖော် ပြုပြင်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း။

၇။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အစိုးရမဟုတ်သော ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများဆိုင်ရာကော်မတီတွင် ပါဝင်မည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကိုလည်းကောင်း၊ အစိုးရမဟုတ်သော ပြည်တွင်း/ ပြည်ပ အဖွဲ့အစည်းများဆိုင်ရာကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် ကော်မတီအစည်းအဝေးများကိုလည်းကောင်း၊ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်ရယူခြင်းနှင့် အစိုးရမဟုတ်သော ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများဆိုင်ရာကော်မတီ ဖွဲ့စည်းကြောင်း ကြေညာခြင်း၊

၈။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကျန်းမာရေးနှင့် အားကစားဆိုင်ရာ ကော်မတီ ဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခြင်း၊

၉။ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက ကျန်းမာရေးနှင့် အားကစားဆိုင်ရာ ကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း၊ ကော်မတီ အစည်းအဝေးများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခြင်း၊

၁၀။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကျန်းမာရေးနှင့် အားကစားဆိုင်ရာ ကော်မတီတွင် ပါဝင်ရန်လျာထားသည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို ပြည်သူ့လွှတ်တော်သို့ တင်ပြခြင်း၊

၁၁။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး တတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး စတုတ္ထနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။